

ကျင့်ကြံလိုက်နာဆောင်ရွက်ပါက

# ထက်ကောင်း

# အသက်ရှည်ရာ အနာကင်းကြောင်း

ဝသဘမင်းကြီးသည် ရဟန္တာအရှင်မြတ်ငါးရာတို့အား ပင့်ဖိတ်၍ ဆွမ်းကျွေးတော်မူပြီးနောက်. . .

'တပည့်တော်၏ သက်တမ်းကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုပေးတော်မူပါ ဘုရား" ဟု လျှောက်ထားသည်။

ဒိဗ္ဗစက္ခုရသော ရဟန္တာများကလည်း. . .

"ဒကာတော်မင်းကြီး၊ ယနေ့မှစ၍ (၁၂) နှစ်အထိ အသက်ရှည်မည်၊ ကုသိုလ်ကောင်းမှု ပြုလော့" ဟု မိန့်ကြားတော်မူကြ၏။

ထိုအခါ မင်းကြီးက. . .

"တပည့်တော်၏ ဇာတာကို ပုဏ္ဏားများ စစ်ဆေးရာတွင်လည်း (၁၂) နှစ်သာလျှင် အသက်ရှည်မည်ဟု ဆိုပါကြောင်း၊ တပည့်တော်သည် အသက်ရှည်လိုသူဖြစ်သဖြင့် ကျင့်အပ်သောတရားများ ပေးသနားပါ" ဟု လျှောက်ထားသည်။

ရဟန္တာအရှင်မြတ်တို့က ကောသလမင်းကြီးအား မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားများကို ဝသဘမင်းကြီးအား ဟောပြတော်မူသည်။

"ဝသဘမင်းကြီး၊ ကျောင်းကန်နေရာ မွမ်းမံပြင်ဆင်ခြင်း၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ရေစစ်၊ ကျောင်းကန်နေရာ၊ ရောဂါရှိသော ရဟန်းသံဃာတို့အတွက် ဆေးလှူခြင်း၊ ဤသို့ပြုလျှင် အသက်ရှည်မြဲလေတည်း" ဟု ဟောကြားတော်မူသည်။

ဤနည်းအတိုင်း လိုက်နာသဖြင့် ဝသဘမင်းကြီးသည် ရှေ့အဖို့ (၄၄) နှစ်ကြာအောင် အသက်ရှည်တော်မူ၏။

ပတ္ထာဝဏ္ဏသုံးဂါထာ

ပဲခူးမြို့
ဖြန့်ချိရေး
သစင်စာပေ
ပဲခူးမြို့